Division of Disability and Rehabilitative Services
Bureau of Developmental Disabilities Services

# အချက်အလက် စာရွက်

## Family Supports Waiver မိသားစုပံ့ပိုးရေး သက်ညှာခွင့်အစီအစဉ် အကြောင်း

Medicaid Home- and Community-Based Services Waiver အိမ်နှင့်လူ့အသိုင်းအဝိုင်းကို အခြေခံသော မယ်ဒီကိတ်၏ သက်ညှာခွင့်အစီအစဉ်သည် ဉာဏ်စွမ်းရည်နှင့်ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုများရှိသော ကလေးများနှင့် အသက်ပြည့်သူများအား ကိုယ်ပိုင်အိမ်နှင့် လူစုအသိုင်းအဝိုင်းတွင် အောင်မြင်စွာ နေထိုင်နိုင်ရန်အတွက် လူကိုဗဟိုပြုသော တစ်ဦးချင်း ပံ့ပိုးမှုများကို ဆောင်ရွက်ပေးသည်။ Family Supports Waiver မိသားစုပံ့ပိုးရေး သက်ညှာခွင့်အစီအစဉ်သည် အင်ဒီယားနား မယ်ဒီကိတ်၏ အိမ်နှင့်လူ့အသိုင်းအဝိုင်းကို အခြေခံသော ဝန်ဆောင်မှုနှစ်မျိုးထဲမှ တစ်မျိုးဖြစ်ပြီး Bureau of Developmental Disabilities Services အစီအစဉ်မှ စီမံခန့်ခွဲပေးသည်။

### မိမိအနေနှင့် သတ်မှတ်ချက်နှင့် ကိုက်ညီပါသလား။

Family Support Waiver မိသားစုပံ့ပိုးရေး သက်ညှာခွင့်အစီအစဉ် ရရှိရန်အတွက် သင့်အနေနှင့် အသက် 22 နှစ်မပြည့်ခင် ဉာဏ်စွမ်းရည်ဆိုင်ရာ မသန်စွမ်းမှု၊ ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှု သို့မဟုတ် သက်ဆိုင်ရာ ရောဂါအခြေအနေ ရှိကြောင်း ဆေးစစ်တမ်း ရှိရမည်ဖြစ်ပြီး ကန့်သတ်ထားသော ရက်မရှိဘဲ ထိုရောဂါအမျိုးအစား ဆက်ဖြစ်နေမည့် အခြေအနေရှိရမည်။

ထို့အပြင် ကုသစောင့်ရှောက်မှု အဆင့် (LOC) နှင့်ကိုက်ညီရမည်။ ဆိုလိုရင်းမှာ အဆိုပါကလေး သို့မဟုတ် အသက်ပြည့်သူ အနေနှင့် ဘဝ၏ကဏ္ဍခြောက်မျိုးထဲမှ အနည်းဆုံးသုံးမျိုးတွင် နေထိုင်သွားလာရေးအတွက် ခိုင်လုံသည့် ကန့်သတ်ချက်များ ရှိနေသည်။ ၎င်းတို့မှာ မိမိကိုယ်မိမိ စောင့်ရှောက်မှု၊ လေ့လာသင်ကြားမှု၊ မိမိကိုယ်မိမိ လမ်းညွှန်မှု၊ မှီခိုကင်းစွာ နေထိုင်နိုင်စွမ်း၊ ဘာသာစကား နားလည်မှုနှင့် အသုံးပြုမှု၊ ရွေ့လျားသွားလာနိုင်မှု၊ စသည့်ကန့်သတ်ချက်များဖြစ်သည်။

လိုက်ဖက်ညီသော မယ်ဒီကိတ်အမျိုးအစား ရရှိရန်အတွက် သတ်မှတ်ချက် များနှင့်လည်း ကိုက်ညီမှုရှိရမည်။

သင့်အသက် 18 နှစ်အောက် ရှိပါက မယ်ဒီကိတ်ရရှိရန်အတွက် အိမ်ထောင်စုဝင်ငွေ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ မကြည့်ဘဲ ကလေး၏ဝင်ငွေ/စုဆောင်းထားသောပိုက်ဆံ များကိုသာ ထည့်စဉ်းစားပါမည်။ လူတစ်ဦးချင်း/မိသားစု အနေနှင့် မယ်ဒီကိတ် လျှောက်လွှာမတင်ခင် ရက် 90 အတွက် ကျန်းမာရေးစရိတ် အာမခံပေးရန် တောင်းဆိုမည်ဆိုပါက အိမ်ထောင်စုဝင်ငွေ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ ထည့်စဉ်းစားပါလိမ့်မည်။

သင့်အသက် 18 နှစ်နှင့်အထက် ရှိပါက အကျိုးခံစားခွင့်များကို Social Security Administration လူမှုဖူလုံရေး စီမံအုပ်ချုပ်ရေးဌာနထံမှ လျှောက်လွှာတင်ရမည်။

### Family Support Waiver မိသားစုပံ့ပိုးရေး သက်ညှာခွင့် အစီအစဉ်သည် မည်သည့်ဝန်ဆောင်မှု အမျိုးအစားများ ဆောင်ရွက်ပေးသနည်း။

Family Support Waiver မိသားစုပံ့ပိုးရေး သက်ညှာခွင့်အစီအစဉ် အနေနှင့် လူကိုဗဟိုထားသော အခြေခံသဘောတရားများ အပေါ်အခြေခံ၍ ရွေးချယ်ပြီး ခွင့်ပြုထားသော မယ်ဒီကိတ်အတွက် ဝန်ဆောင်မှုပေးသူမှ အိမ်နှင့် လူ့အသိုင်းအဝိုင်း နေရာများတွင် ဆောင်ရွက်ပေးရန် ဖြစ်သည့် ဝန်ဆောင်မှု အမျိုးမျိုးပေးပါသည်။ လက်ရှိ အများဆုံး ဘဏ္ဍာရေး ရာထားချက်အရ လူတစ်ဦးအတွက် တနှစ်တွင် $17,300 ဖြစ်ပါသည်။ လက်ရှိဝန်ဆောင်မှုများတွင် ပါဝင်သောအရာများ။

- အသက်ပြည့်သူအတွက် နေ့ခင်းပိုင်းဝန်ဆောင်မှုများ
- အပြုအမူဆိုင်ရာ ပံ့ပိုးမှုပေးသောဝန်ဆောင်မှုများ
- ကိစ္စရပ်စီမံဆောင်ရွက်မှု
- လူစုအသိုင်းအဝိုင်းကို အခြေခံသော ဘဝထူထောင်ရေး – အုပ်စုလိုက်
- လူစုအသိုင်းအဝိုင်းကို အခြေခံသော ဘဝထူထောင်ရေး – တစ်ဦးချင်း
- အဆောက်အအုံကို အခြေခံသော ဘဝတည်ဆောက်မှု – အုပ်စုလိုက်
- အဆောက်အအုံကို အခြေခံသော ဘဝတည်ဆောက်မှု – လူတစ်ဦးချင်းအလိုက်
- အဆောက်အအုံကို အခြေခံ၍ ပံ့ပိုးမှုပေးသော ဝန်ဆောင်မှုများ
- မိသားစုနှင့် စောင့်ရှောက်မှုပေးသူ သင်တန်း
- တေးဂီတကုထုံး
- လှုပ်ရှားဆောင်ရွက်မှုကုထုံး
- ဝန်ဆောင်မှုလက်ခံရရှိသူ ကူညီခြင်းနှင့် စောင့်ရှောက်ခြင်း
- တစ်ဦးချင်း အရေးပေါ် တုံ့ပြန်မှုစနစ်
- ကိုယ်လက်လှုပ်ရှားမှုကုထုံး
- အပန်းဖြေသောကုထုံး
- အပန်းဖြေခွင့်ပေးခြင်း
- အထူးထုတ်လုပ်သော ကျန်းမာရေးကုသမှု ကိရိယာနှင့် ပစ္စည်းများ
- နှုတ်အပြောအဆို/ဘာသာစကား
- ဆိုင်ရာကုထုံး
- အပြုအမူဆိုင်ရာ အာရုံစိုက်ကုသမှု
- စိတ်ပိုင်းဆိုင်ရာကုထုံး
- သယ်ယူပို့ဆောင်ရေး
- တိုးချဲ့ပေးသော ဝန်ဆောင်မှုများ
- အလုပ်လုပ်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ
- အလုပ်ခွင်တွင် ကူညီပံ့ပိုးခြင်း

BDDS
Indiana Bureau of Developmental Disabilities Services

# အချက်အလက် စာရွက်

## Family Supports Waiver မိသားစုပံ့ပိုးရေး သက်ညှာခွင့်အစီအစဉ် အကြောင်း(အဆက်)

**Division of Disability and Rehabilitative Services**
*Bureau of Developmental Disabilities Services*

### စောင့်ဆိုင်းစာရင်း တစ်ခုခုရှိပါသလား။

သက်ညှာခွင့်အစီအစဉ် ဝန်ဆောင်မှုများအတွက် လျှောက်လွှာတင်ပြီးနောက် ကုသစောင့်ရှောက်မှု အဆင့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိလျှင် လူတစ်ဦးချင်းကို ပြည်နယ်အနှံ့ စုသုံးသော စောင့်ဆိုင်းစာရင်းထဲတွင် အမည်စာရင်း ထည့်ထားနိုင်သည်မှာ Bureau of Developmental Disabilities Services ၏ မူဝါဒဖြစ်ပါသည်။ ဝန်ဆောင်မှု လျှောက်လွှာတင်သည့် အမှတ်စဉ်အတိုင်း ယခင်ဦးဆုံး လျှောက်လွှာတင်သော ရက်စွဲမှ လျှောက်လွှာတင်သော နောက်ဆုံးရက်စွဲအထိ လူတစ်ဦးချင်းကို အစဉ်လိုက် ရည်မှန်းထားလိမ့်မည်။

သင့်ဒေသဆိုင်ရာ BDDS ရုံးအား သင့်ကိုဆက်သွယ်ရန် လက်ရှိသုံးနေသော အချက်အလက်များကို သေချာစွာ ပေးထားရန်အတွက် သင်နှင့်သင့်အုပ်ထိန်းသူများတွင် တာဝန်ရှိသည်။ သင်နှင့် သင့်မိသားစု အနေနှင့် BDDS စောင့်ဆိုင်းစာရင်း၏ အင်တာနက်စာမျက်နှာ ဖြစ်သော **http://www.in.gov/fssa/ddrs/4328.htm** တွင် ဖတ်ရှုခြင်း သို့မဟုတ် သင့်ဒေသဆိုင်ရာ BDDS ခရိုင်ရုံးကို ဆက်သွယ်ခြင်းဖြင့် သင့်ကိုဆက်သွယ်ရန် အချက်အလက်နှင့် သက်ညှာခွင့်အစီအစဉ် လျှောက်လွှာ တင်သောရက်စွဲကို ပြန်လည်စစ်ဆေးပြီး ပြင်ဆင်မွမ်းမံနိုင်သည်။

### ဦးစားပေးမှု သတ်မှတ်ချက်များဆိုသည်မှာ အဘယ်နည်း။

ဦးစားပေးမှု သတ်မှတ်ချက်များ (Priority Criteria) သည် အောက်ပါပုဂ္ဂိုလ်များကို စောင့်ဆိုင်းစာရင်းတွင် မထားဘဲ Family Support Waiver မိသားစုပံ့ပိုးရေး သက်ညှာခွင့်အစီအစဉ် ပေးရန် ခွင့်ပြုပါသည်။

- ကျောင်းများမှ အသက်ကျော်သွားခြင်း၊ ကျောင်းပြီးသွားခြင်း၊ သို့မဟုတ် ကျောင်းနှင့်အမြဲတမ်း ခွဲနေခြင်း၊ စသည့်အခြေအနေရှိသော 18 နှစ်မှ 24 နှစ်အထိ အသက်ပြည့်သူများ
- လက်ရှိတာဝန်ထမ်းဆောင်နေသော စစ်မှုထမ်းများနှင့် စစ်မှုထမ်းဟောင်းများ၏ မှီခိုများ

### မိမိအနေနှင့် မည်သို့လျှောက်လွှာ တင်ရသနည်း။

သင်နှင့်သင့်မိသားစု အနေနှင့် သင့်ဒေသဆိုင်ရာ Bureau of Developmental Disabilities Services မသန်စွမ်းမှု ပံ့ပိုးရေးအစီအစဉ်ရုံးကို လျှောက်လွှာတောင်းရန် ဆက်သွယ်ခြင်းဖြင့် Family Support Waiver မိသားစုပံ့ပိုးရေး သက်ညှာခွင့် အစီအစဉ်အတွက် လျှောက်လွှာတင်နိုင်သည်။ လျှောက်လွှာများကို **http://www.in.gov/fssa/ddrs/3349.htm** တွင်လည်း စာထုတ်နိုင်သည်။ လျှောက်လွှာ အစိတ်အပိုင်းအဖြစ် လိုအပ်သော ပုံစံစာရွက်များသည် Application for Developmental Disabilities Services (State Form 55068) ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုအတွက် ဝန်ဆောင်မှုများနှင့် Confirmation of Diagnosis (State Form 54727) ဆေးစစ်တမ်း အတည်ပြုချက် ပုံစံစာရွက်များဖြစ်သည်။ BDDS ရုံးသို့ စာပို့ခြင်း၊ ဖက်စ်ပို့ခြင်း သို့မဟုတ် လူကိုယ်တိုင် သွားပေးခြင်းဖြင့် လျှောက်လွှာတင်နိုင်သည်။ သင့်ဒေသဆိုင်ရာရုံးကို ရှာဖွေရန်အတွက် **800-545-7763** သို့ဖုန်းဆက်နိုင်သည်၊ သို့မဟုတ် **http://www.in.gov/fssa/ddrs/4088.htm** တွင်ဖတ်ရှုနိုင်သည်။ သင့်မေးခွန်းများကို ဖြေကြားရန်အတွက် Bureau of Developmental Disabilities Services ဝန်ထမ်းများ ရှိပါသည်။

*Division of Disability and Rehabilitation Services Bureau of Developmental Disabilities Services အစီအစဉ်အနေနှင့် လူတစ်ဦးချင်းနှင့် မိသားစုများ ရင်ဆိုင်ရသော စိန်ခေါ်မှုများကို အသိအမှတ်ပြုပြီး လူ့အသိုင်းအဝိုင်းတွင် နေထိုင်ခြင်း၊ ချစ်ခြင်း၊ အလုပ်လုပ်ခြင်း၊ ကစားခြင်းနှင့် အိပ်မက်များ ဖြည့်ဆည်းခြင်း၊ စသည့်လူတစ်ဦး၏ အခွင့်အရေးကို တန်ဖိုးထားပါသည်။*

**Indiana Family & Social Services Administration**
**402 W. WASHINGTON STREET, ROOM W453**
**INDIANAPOLIS, INDIANA 46204-2739**
**www.fssa.IN.gov | www.in.gov/fssa/ddrs/2639.htm**

Indiana Family and Social Services Administration
အဖွဲ့အနေနှင့် လူမျိုး၊ အသားအရောင်၊ ယုံကြည်ကိုးကွယ်မှု၊ လိင်၊ အသက်၊ မသန်စွမ်းမှု၊ မူရင်းနိုင်ငံ သို့မဟုတ် မျိုးရိုးအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှုများမလုပ်ပါ။

FSSA 1078 (6-18) #5674

BDDS
Indiana Bureau of Developmental Disabilities Services